# နရသိန်တွင်းက အဖိနှိပ်ခံ အမျိုးသမီးများ



နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)

မတ် (၂၃) ရက်၊ ၂၀၂၆

## အမှာစာ

မြန်မာ့နိုင်ငံရေး၊ တော်လှန်ရေးသမိုင်းမှာ ဘယ်ခေတ်၊ ဘယ်စနစ်အခါမှ နောက်ကျမကျန်ခဲ့တဲ့ မြန်မာနိုင်ငံ တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ အမျိုးသမီးများဟာ နွေဦးတော်လှန်ရေးကာလမှာလည်း အလွှာအစုံ၊ နယ်ပယ်အစုံမှာ ရဲရင့်ပြောင်မြောက်စွာ စစ်အာဏာရှင်ကို တွန်းလှန်တိုက်ပွဲဝင်ခဲ့ကြတယ်။ စစ်အုပ်စုရဲ့အရှိုက်ကို ပြင်းပြင်းထန်ထန် ထိုးနှက်နိုင်ခဲ့တယ်။

တဖက်မှာ အကြမ်းဖက်စစ်အုပ်စုဟာ သူတို့ကိုဆန့်ကျင်တဲ့ ပြည်သူတွေ အသက်ပေါင်းများစွာကို လက်နက်မျိုးစုံ၊ နည်းမျိုးစုံနဲ့ လူမဆန်စွာ အသက်သေသည်အထိ ရက်ရက်စက်စက် နှိပ်စက်သတ်ဖြတ်ပစ်ခဲ့ကြတယ်။ တိုက်ပွဲဝင် အမျိုးသမီးများရဲ့ ဘဝတွေ၊ အသက်တွေလည်း များစွာပေးဆပ်ခဲ့ကြရတယ်။

အာဏာလုယူမှု တနှစ်အတွင်းမှာပဲ အေအေပီပီက နွေဦးတော်လှန်ရေးအတွင်း (မှတ်တမ်းတင်ရန် အခက်အခဲအမျိုးမျိုးကြောင့် တိုက်ပွဲအတွင်း ကျဆုံးသွားသူများမပါ) ကျဆုံးခဲ့ရတဲ့ အမျိုးသမီး ၁၀၄ ဦး အကြောင်းကို မှတ်တမ်း တင်ခဲ့ပါတယ်။ ကျဆုံးခဲ့ရတဲ့ အမျိုးသမီးသူရဲကောင်းတွေကို အလေးပြုမော်ကွန်းတင်တဲ့ 'ဣတ္ထိယသွေး နွေဦးတေး' ဆိုတဲ့ အစီရင်ခံစာတစောင်ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှာ ထုတ်ပြန်ခဲ့တယ်။ ပေးဆပ်ရမှုတွေ ကြီးလှမယ့် အမျိုးသမီးများဟာ စစ်အာဏာရှင် တိုက်ဖျက်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဆိုတဲ့ ယုံကြည်ချက်အတွက် ဒီကနေ့အချိန်အထိ မလျှော့တဲ့ ဇွဲလုံ့လနဲ့ ရှေ့တန်းကနေ အားကောင်းမောင်းသန် တိုက်ပွဲဝင်နေဆဲပါ။

အကြမ်းဖက်စစ်အုပ်စုရဲ့ အာဏာလုယူမှု ၅ နှစ်တာကာလမှာ အေအေပီပီရဲ့ မှတ်တမ်းအရ ကျဆုံးအမျိုးသမီးဦးရေဟာ အဆပေါင်းများစွာတိုးလာပြီး ၂၁၀၀ ကျော် ရှိလာခဲ့တယ်။ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကြောင့် အကျဉ်းထောင်၊ ရဲစခန်း၊ စစ်ကြောရေး ငရဲခန်းတွေမှာ ကျဆုံးခဲ့ရတဲ့ အမျိုးသမီး အယောက် ၄၀ ရှိတယ်။ လူမသိ သူမသိ မှတ်တမ်းမဲ့ ကျဆုံးသူတွေလည်း များစွာရှိဦးမှာ အသေအချာပါ။

အေအေပီပီက အမျိုးသမီးတွေရဲ့ သတ္တိ၊ ရဲ့ရင့်ပြောင်မြောက်မှု၊ စွန့်လွှတ်အနစ်နာခံမှု၊ ပေးဆပ်မှုတို့ကို အခါအခွင့်သင့်သလို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ထုတ်ဖော်ခဲ့ပါတယ်။

ထောင်နံရံများရဲ့နောက်က စစ်အုပ်စုရဲ့ ရက်စက်ယုတ်မာမှုတွေကြား နိုင်ငံရေးအကျဉ်းသူများ ရင်ဆိုင်ကျော်ဖြတ်နေတဲ့ အခြေအနေများ၊ မှတ်တမ်းတိုများကို **"နရသိန်တွင်းက အဖိနှိပ်ခံ အမျိုးသမီးများ"** ခေါင်းစဉ်နဲ့ အေအေပီပီဖွဲ့စည်းတည်ထောင်ခြင်း ၂၆ နှစ်ပြည့်မှာ အစီရင်ခံ ထုတ်ပြန်လိုက်ပါတယ်။

ဘယ်လောက်ပင် ခက်ခဲကြမ်းတမ်းပါစေ၊ ယုံကြည်ချက်အတွက် မဆုတ်မနစ် မယိုယွင်းတဲ့ စိတ်ဓာတ် အားမာန်တို့နဲ့ မယိမ်းမယိုင် ရင်ဆိုင်ဖြတ်သန်းနေကြတဲ့ တိုက်ပွဲဝင် ဣတ္ထိယသူရဲကောင်းများကို လေးစားစွာ ဂုဏ်ပြုလျက်...


တိတ်နိုင်
အတွင်းရေးမှူး
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

# နိဒါန်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်အုပ်စုက နိုင်ငံတော်အာဏာသိမ်းမှုပြုလုပ်ခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံ့ခေါင်းဆောင်များကို ဖမ်းဆီးခဲ့သည်။ ထိုအချိန်မှစ၍ ယနေ့ထိတိုင်အောင် မြန်မာနိုင်ငံတဝန်းရှိ အမျိုးသမီးထုသည် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအတွက် ၎င်းတို့၏ အသက်နှင့်ရင်းကာ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ကြလျက်ရှိသည်။ ထိုကဲ့သို့ ဆန့်ကျင်တွန်းလှန်မှုများကို စစ်အုပ်စုက ဖိနှိပ်မှုများ ပြင်းပြင်းထန်ထန်လုပ်ဆောင်ခြင်းနှင့် တရားလက်လွတ်ဖမ်းဆီးခြင်းများဖြင့် တုံ့ပြန်ခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့အထိ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) မှ လက်လှမ်းမီသမျှ ကောက်ယူစုဆောင်းထားသည့် အချက်အလက်များအရ စစ်အုပ်စုက နိုင်ငံရေးအကျဉ်းသားစုစုပေါင်း (**၃၀၆၆၇**) ဦးကို ဖမ်းဆီးခဲ့ပြီး၊ ၎င်းတို့အနက် (**၆၃၃၇**) ဦးမှာ အမျိုးသမီးများဖြစ်ကာ နိုင်ငံရေးအကျဉ်းသားအားလုံး၏ (**၂၁**) ရာခိုင်နှုန်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်များအတွင်း ထိန်းသိမ်းခံထားရသော မည်သူမဆို ကြမ်းတမ်းဆိုးရွားသည့် လူနေမှုအခြေအနေများကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြဿနာများကို ကျယ်ကျယ်ပြန့်ပြန့် ခံစားနေရသည်။ သို့သော် အရိုးစွဲနေသည့် ကျား၊ မ စံနှုန်း၊ သဘောထားများကြောင့် နိုင်ငံရေးအကျဉ်းသူများသည် နေ့စဉ်နှင့်အမျှ စနစ်တကျ ခွဲခြားဆက်ဆံမှုပုံစံသစ်များကို ထပ်တိုးရင်ဆိုင်နေကြရသည်။ ဖမ်းဆီးထိန်းသိမ်းထားစဉ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုမှာ လုံလောက်မှုမရှိသည့်အပြင် အမျိုးသမီးဖြစ်မှုနှင့်ဆိုင်သော ဇီဝဖွဲ့စည်းပုံအရ လိုအပ်သည့် သီးသန့်ကျန်းမာရေးလိုအပ်ချက်များကိုပါ လုံလောက်စွာ ဖြည့်ဆည်းပေးခြင်းမခံရသည့် ဖိနှိပ်ချုပ်ချယ်မှုများကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေကြရသည်။ စစ်အုပ်စုက ထိန်းချုပ်ထားသော အကျဉ်းထောင်နှင့် အချုပ်ထောင်များရှိ အမျိုးသမီးများသည် တကိုယ်ရေသန့်ရှင်းရေးနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်များကို မရရှိနိုင်ဘဲ ၎င်းတို့၏ ကျန်းမာရေးနှင့် လူ့ဂုဏ်သိက္ခာကို ထိခိုက်စေသည်။

**တိုင်းနှင့်ပြည်နယ်အလိုက် အမျိုးသမီးများဖမ်းဆီးခံရမှု မြေပုံ**




| တိုင်းနှင့်ပြည်နယ် | ရာခိုင်နှုန်း |
|---|---|
| ရန်ကုန် | ၂၅% |
| မန္တလေး | ၁၆% |
| စစ်ကိုင်း | ၁၃% |
| ပဲခူး | ၈% |
| တနင်္သာရီ | ၇% |
| မကွေး | ၆% |
| ဧရာဝတီ | ၆% |
| မွန် | ၅% |
| ရှမ်း | ၄% |
| ကချင် | ၃% |
| ကရင် | ၂% |
| နေပြည်တော် | ၁% |
| ရခိုင် | ၁% |
| ချင်း | ၁% |
| နေရပ်မသိ | ၁% |
| ကယား | ၁% |
| **စုစုပေါင်း** | **၁၀၀%** |

အကျဉ်းထောင်များအတွင်း လူဦးရေအဆမတန်များပြားမှု၊ ရေနှင့် မိလ္လာစနစ် ညံ့ဖျင်းမှု၊ အာဟာရပြည့်ဝသည့် အစားအစာများကို လုံလောက်စွာမရရှိမှုတို့သည် ကူးစက်ရောဂါများနှင့် နာတာရှည်ရောဂါများကို အလွယ်တကူ ဖြစ်ပွားစေသော ပတ်ဝန်းကျင်တရပ်ကို ဖန်တီးနေသည်။ ယင်းအခြေအနေများအပေါ် ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာမရရှိသည့်အပြင် ထပ်မံဆိုးရွားစေသည့်အချက်မှာ အမျိုးသမီးများအတွက် အထူးအရေးကြီးသည့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့်ပတ်သက်၍ လိုအပ်သောဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို စနစ်တကျ ငြင်းပယ်ခံနေရခြင်းကြောင့်ဖြစ်သည်။ စစ်အုပ်စုသည် အကျဉ်းထောင်၏ အကြမ်းဖက်ဖိအားပေးမှုရှိနေသော ပတ်ဝန်းကျင်ကို အခွင့်ကောင်းယူကာ နိုင်ငံရေးအကျဉ်းသူများအပေါ် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ ဆက်လက်ကျူးလွန်လျက်ရှိသည်။

ဤအစီရင်ခံစာတွင် အကျဉ်းထောင်အတွင်းရှိ နိုင်ငံရေးအကျဉ်းသူများအပေါ် နေ့စဉ်သက်ရောက်လျက်ရှိနေသော အခြေအနေများဖြစ်သည့် ဆိုးရွားလှသောထောင်တွင်းနေထိုင်ရမှုပုံစံများကို အစချီကာ အသေးစိတ်ဖော်ပြထားသည်။ ထို့နောက် အကျဉ်းထောင်တွင်း ထပ်တလဲလဲဖြစ်ပျက်နေသော အကြမ်းဖက်မှုများဖြစ်သည့် ဆိုးရွားသောရှာဖွေရေးပုံစံများပြုလုပ်ခြင်း၊ စောင့်ကြည့်ထိန်းချုပ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများနှင့် အမျိုးသမီးများ၏ မျိုးဆက်ပွားကျန်းမာရေးအပေါ်သက်ရောက်နေသော အန္တရာယ်များကိုလည်း ထည့်သွင်းထားသည်။ အကျဉ်းထောင်တွင်း လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုမှာ အကြောင်းပြချက်မျိုးစုံဖြင့် ငြင်းပယ်ခံနေရပြီး ထိန်းချုပ်နှိပ်ကွပ်ရန် ကိရိယာတခုအဖြစ် အသုံးချခံနေရသည်။ အစီရင်ခံစာ၏ နောက်ဆုံးပိုင်း၌ စစ်အုပ်စုထိန်းချုပ်ထားသည့် အကျဉ်းထောင်များတွင် ထိန်းသိမ်းခံရစဉ် အသက်ဆုံးရှုံးခဲ့ရသော အမျိုးသမီးအချို့၏ ဖြစ်စဉ်များကိုလည်း ထည့်သွင်းထားသည်။

## ကျန်းမာရေးကို သက်ရောက်စေသော နေထိုင်ရမှု၊ ရေနှင့် အစားအစာ အခြေအနေများ

အကျဉ်းထောင်များအတွင်း လူဦးရေ အဆမတန်ကျပ်ညပ်နေမှုသည် အမျိုးသမီးများ၏ ကျန်းမာရေးကို စနစ်တကျ ထိခိုက်စေသော ပြဿနာတရပ်ဖြစ်သည်။ သတ်မှတ်ထားသောဝင်ဆံ့မှုပမာဏ ကျော်လွန်၍ လူဦးရေ အလွန်အမင်း ပြွတ်သိပ်စွာထားရှိခြင်းကြောင့် အရေပြားရောဂါများနှင့် အခြားကူးစက်ရောဂါများ ပျံ့နှံ့လာရန် အခြေအနေများကို ဖြစ်ပေါ်စေသည်။ အချို့အကျဉ်းထောင်များတွင် လူ (၅၀) ဝန်းကျင်ခန့်သာ ဆံ့သော အခန်းတခန်းအတွင်း အကျဉ်းသူ ၁၀၀ ကျော်အထိ ထားရှိခြင်းကြောင့် အိပ်စက်ချိန်တွင် ခန္ဓာကိုယ်လှုပ်ရှားရန်ပင် ခက်ခဲသည့် အခြေအနေများ ဖြစ်နေသည်။ မိလ္လာခန်းများအနီးတွင် နေထိုင်အိပ်စက်ရခြင်း၊ ယိုစိမ့်ထွက်လာသည့် အရည်များနှင့် အနံ့အသက်များကို နေ့စဉ်ခံစားရခြင်းတို့ကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကို အကျဉ်းသူများအနေဖြင့် ဆိုးရွားစွာ ကြုံတွေ့နေရသည်။ ထိုကဲ့သို့ မသင့်လျော်သော နေရာများ၌ မနေထိုင်လိုပါက ထောင်အာဏာပိုင်နှင့် တန်းစီးကဲ့သို့သော လက်ကိုင်တုတ်များကို ငွေကြေးပေးဆောင်ကြရသည်။

အကျဉ်းထောင်များအတွင်း ရေရရှိမှု မလုံလောက်ခြင်းသည် အကျဉ်းသူများအတွက် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်လာနေပြီး၊ တနေ့တာရေသုံးစွဲမှုပမာဏကို ကန့်သတ်ထားခြင်းကြောင့် တကိုယ်ရေသန့်ရှင်းရေးကိစ္စများဆောင်ရွက်ရန် ခက်ခဲမှုအပါအဝင် ဓမ္မတာလာချိန်များတွင် ဆိုးရွားသောသက်ရောက်မှုများ ဖြစ်လာနေသည်။ အချို့အကျဉ်းထောင်များတွင် ရေချိုးချိန်ကို အလွန်တိုတောင်းစွာသတ်မှတ်ထားကာ ထိုအချိန်အတွင်း ရေချိုးခြင်းနှင့် အ ဝတ်လျှော်ခြင်းတို့ကို တပြိုင်နက်တည်းပြီးစီးရန် ဖိအားပေးမှုရှိနေပြီး ထိုစည်းကမ်းများကို မလိုက်နာနိုင်ပါက အရေးယူမှုများရှိသည်။ သောက်ရေနှင့် အသုံးပြုသည့်ရေ မသန့်ရှင်းမှုနှင့် ထုံးဓာတ်များပါဝင်နေမှုသည် အရေပြားရောဂါများ၊ ကျောက်ကပ်ရောဂါများ၊ အစာအိမ် နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများ ပျံ့နှံ့လာစေသော အဓိကအကြောင်းရင်းတရပ်ဖြစ်သည်။ အချို့အကျဉ်းထောင်များတွင် ရေကန်ရှိရေများမှာ အရောင်ပြောင်းလဲနေပြီး သန့်ရှင်းမှုမရှိသည့် အခြေအနေများ တွေ့ရသလို သောက်သုံးရေအတွင်း သံချေးနှင့်အညစ်အကြေးများပါဝင်နေခြင်းကြောင့် ဝမ်းရောဂါဖြစ်ပွားမှုများ ကြုံတွေ့နေသည်။

အကျဉ်းထောင်များအတွင်း ကျွေးမွေးသည့် အစားအစာများသည် အရည်အသွေးနှင့် အာဟာရအဆင့် နိမ့်ကျကာ ပမာဏမလုံလောက်သဖြင့် အကျဉ်းသူများမှာ အာဟာရချို့တဲ့မှုကို ရင်ဆိုင်ကြရသည်။ သန့်ရှင်းမှုမရှိသော ချက်ပြုတ်မှုနှင့် အရည်အသွေးနိမ့်သော အစားအစာများကို စားသုံးရခြင်းကြောင့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်လာပြီး၊ အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်များနှင့် နာတာရှည်ရောဂါရှိသူများအတွက် လိုအပ်သည့် အာဟာရဆိုင်ရာ လိုအပ်ချက်ကို မစဉ်းစားသည့် ပုံစံတမျိုးတည်းသော အစားအစာစနစ်သည် ကျန်းမာရေးအန္တရာယ်များကို ပိုမိုဆိုးရွားစေသည်။ မိသားစုထောက်ပံ့မှု မရရှိနိုင်သည့် အကျဉ်းသူများအတွက် ထောင်တွင်းအစားအစာသည် အသက်ရှင်ရေးအတွက် တခုတည်းသော အရင်းအမြစ်ဖြစ်နေသော်လည်း လက်တွေ့အကျဉ်းထောင်တွင်း ကျွေးမွေးနေသည့် အစားအစာပုံစံမှာ လုံလောက်မှု၊ သန့်ရှင်းမှုနှင့် အာဟာရမျှတမှုတို့ကို မဖြည့်ဆည်းနိုင်သည့် အခြေအနေတွင်ရှိနေသည်။

## အကျဉ်းထောင်တွင်းအကြမ်းဖက်မှုများ

အကျဉ်းထောင်များအတွင်း ထောင်ဝန်ထမ်းများနှင့် ၎င်းတို့၏ လက်ပါးစေများသည် အကျဉ်းသူများကို ကြောက်ရွံ့ထိတ်လန့်နေစေရန် ရည်ရွယ်သည့် ထိန်းချုပ်မှုနည်းလမ်းများကို အသုံးပြုနေကြသည်။ ရိုက်နှက်ခြင်း၊ အင်အားသုံးခြင်း၊ တိုက်ပိတ်ခြင်းကဲ့သို့သော ကိုယ်ခန္ဓာပိုင်းဆိုင်ရာ အကြမ်းဖက်ဖိနှိပ်မှုများကို အရေးယူမှုပုံစံတခုအဖြစ် ကျယ်ပြန့်စွာ အသုံးပြုနေပြီး ယင်းလုပ်ရပ်များသည် အမျိုးသမီးများ၏ လုံခြုံရေး၊ လူ့ဂုဏ်သိက္ခာနှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်များကို စနစ်တကျ ဖိနှိပ်ချိုးဖောက်နေခြင်း ဖြစ်သည်။ စစ်ကြောရေးနှင့် အကျဉ်းထောင်များအတွင်း ဖြစ်ပွားခဲ့သော လိင်ပိုင်းဆိုင်ရာနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများကို လက်ရှိအချိန်တွင် မှတ်တမ်းတင်ရန်အလွန်ခက်ခဲလျက်ရှိသည်။ သို့သော် အေအေပီပီသည် မြန်မာနိုင်ငံအနှံ့ရှိ အကျဉ်းထောင်များအတွင်း ထိန်းသိမ်းခံခဲ့ရသော အမျိုးသမီးများထံမှ ရုပ်ပိုင်းဆိုင်ရာအရ ညှဉ်းပန်းနှိပ်စက်မှု၊ ဆိုးရွားသော ရှာဖွေမှုပုံစံများ၊ အမျိုးသမီးအဆောင်များအတွင်း လုံခြုံရေးကင်မရာများမှတဆင့် စောင့်ကြည့်ခြင်းများ၊ အရေးပေါ်ကျန်းမာရေးအခြေအနေများတွင် လျစ်လျူရှုခံရခြင်းများ စသည်တို့ကို ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသော သို့မဟုတ် မြင်တွေ့ခဲ့သော သတင်းပေးပို့ချက်များကို စုဆောင်းမှတ်တမ်းတင်လျက်ရှိသည်။

## ဆိုးရွားသော ရှာဖွေရေးပုံစံပြုလုပ်ခြင်း

အချို့အကျဉ်းထောင်များတွင် အကျဉ်းသူများအား တရားရုံးထွက်ချိန်နှင့် ပြန်လည်ဝင်ရောက်ချိန်များတွင် လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များဖြင့် အဝတ်အစားများ ချွတ်ခိုင်း၍ ရှာဖွေစစ်ဆေးမှုများပြုလုပ်ရာ၊ ထိုကဲ့သို့ ရှာဖွေရေးကို သီးသန့်နေရာများတွင် မပြုလုပ်ဘဲ အဆောင်ရှေ့ သို့မဟုတ် လူမြင်ကွင်း၌ ပြုလုပ်လေ့ရှိပြီး အမျိုးသမီးများ၏ အရှက်နှင့် လူ့ဂုဏ်သိက္ခာကို ချိုးဖောက်လျက်ရှိသည်။

**အေအေပီပီနှင့် တွေ့ဆုံမေးမြန်းမှုမှ ကောက်နုတ်ချက်**

"(အင်းစိန်) ထောင်ကနေ အဝင်အထွက်ကို အရမ်းစစ်တယ်။ ဘယ်လောက်တောင်စစ်လဲဆိုရင် ညီမတို့ ဘော်လီတွေကို ညှစ်၊ တခါတလေကျရင် စစ်တာထက် အသားယူတဲ့ပုံစံ၊ အောက်တွေလည်း စစ်တယ်။ တပ်သားတွေ၊ တရစ်တို့၊ နှစ်ရစ်တို့ ထောင်ဝန်ထမ်းဝါဒါ အမျိုးသမီးတွေက စစ်တာ။ ညီမတို့က စမ်းချောင်းမြို့နယ် တရားရုံးရုံးထွက်မယ်ဆိုရင် သုံးယောက်၊ လေးယောက် ရှိရင်ရှိမယ်။ ညီမတို့က သူတို့နားကို သွားရပ်ပြီးသွားရင် ညီမတို့က လက်ကားပေးထားရတယ်။ သူတို့စမ်းတယ်၊ ထမိန်တွေဆို ခါပြရတယ်။ တချို့အရမ်းစစ်တဲ့လူကျ အတွင်းခံအပြင်ကနေ နှိုက်တာရှိတယ်။"

လုံခြုံရေးအကြောင်းပြသော ရှာဖွေစစ်ဆေးမှုများသည် ဆေးဘက်ဆိုင်ရာအခြေခံချက်များ၊ ခွင့်ပြုချက်များ သို့မဟုတ် သင့်လျော်သော လုပ်ထုံးလုပ်နည်းများမပါရှိဘဲ ပြုလုပ်ခြင်းဖြစ်ပြီး အမျိုးသမီးများ၏ခန္ဓာကိုယ်ကို အလိုမတူဘဲ ထိတွေ့ကိုင်တွယ်ခြင်းဖြစ်သည်။ ရှာဖွေမှုအချို့တွင် အဝတ်အစားများ ချွတ်ခိုင်းခြင်းအပြင် ခန္ဓာကိုယ်အတွင်းပိုင်းများကို လက်ဖြင့်နှိုက်ခြင်းနှင့် အတွင်းခံဘောင်းဘီကိုချွတ်၍ မှန်ပေါ်ထိုင်ခိုင်းခြင်းများကဲ့သို့ စစ်ဆေးမှုများပါဝင်သည်။ ထို့အပြင် ဓမ္မတာလာနေသော အမျိုးသမီးများကိုလည်း အတွင်းခံများချွတ်ခိုင်းကာ စစ်ဆေးခြင်းများ ပြုလုပ်ခြင်းသည် အမျိုးသမီးနှင့် သက်ဆိုင်သည့် အထူးလိုအပ်ချက်များကို လုံးဝအလေးထားမှုမရှိကြောင်း ဖော်ပြနေသည်။ ထိုသို့သော လုပ်ဆောင်ချက်များသည် လုံခြုံရေးအတွက် လိုအပ်သည့် နိုင်ငံတကာမှချမှတ်ထားသော စစ်ဆေးမှုလုပ်ငန်းစဉ်အဆင့်များကို ကျော်လွန်သွားကာ အရှက်ခွဲခြင်းနှင့် အာဏာသုံးအနိုင်ကျင့်မှုပုံစံဖြစ်သည်။

**အေအေပီပီနှင့် တွေ့ဆုံမေးမြန်းမှုမှ ကောက်နုတ်ချက်**

"တရားရုံးထွက်တဲ့အခါမှာ ဘယ်လိုစစ်လဲဆိုတော့ ကျမတို့ သွားပြီဆိုရင် တကိုယ်လုံးကို စစ်တာ။ ဘော်လီတွေဆိုရင်လည်း အတွင်းထဲထိ နှိုက်တယ်။ မိန်းမကိုယ်တွေကိုလည်း စမ်းတယ်။ တကိုယ်လုံး ရှိသမျှ ရင်ဘတ်တွေပါမကျန် ပျော့ပြဲနေအောင် နှိပ်ပြီးတော့ ထိုးထည့်ပြီးတော့ ဆံပင်ကအစ မကျန်ဘူး အကုန်စစ်တာ။ မိန်းမကိုယ်ဆိုရင် အတွင်းခံအပေါ်ကနေ စမ်းလိုက်တာ။ မသင်္ကာဘူးဆိုရင်တော့ ဘောင်းဘီတွေ ဘာတွေ ချွတ်ခိုင်းပြီး နှိုက်စစ်တာ ရှိတယ်။ ရာသီလာနေတဲ့အချိန်ဆိုရင် ကပ်ခွာ ကပ်ထား တာကို ချွတ်ပြရတယ်။ ရာသီလာတဲ့အချိန် ချွတ်ပြရတာကို ကျမ ကိုယ်တိုင်တွေ့ခဲ့ရတယ်။ သူတို့က အဲ့လိုကြီးတွေ စမ်းသပ်ပြီးတော့ ကာယအိန္ဒြေကြီးတွေ ပျက်လောက်တဲ့အထိ လုပ်တာကကြတော့ နည်းနည်းလွန်လွန်းအားကြီးတယ်လို့ ထင်တယ်။ ကျမတို့ ဘာမှမလုပ်ရဘဲနဲ့ ဒီလောက်ကြီးစစ်တာကတော့ ကျမတို့ကို စိတ်ဒုက္ခပေးတယ်လို့ပဲ ထင်တယ်။ ဖိနှိပ်တယ်လို့ပဲ ခံယူတယ်။"

ထိုကဲ့သို့သော အပြုအမူများကြောင့် အကျဉ်းသူများအနေဖြင့် ကြောက်ရွံ့မှုနှင့် အနိုင်ကျင့်မှုများရှိနေသော ထိန်းချုပ်မှုအောက်တွင် စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှုများ ကြုံတွေ့ကြရသည်။ အချို့အခြေအနေများတွင် အဆိုပါအတွေ့အကြုံများသည် စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (Post-Traumatic Stress Disorder) ကို ဖြစ်ပေါ်စေနိုင်သည်အထိ ဆိုးရွားသော သက်ရောက်မှုများ ရှိနေသည်။

## လုံခြုံရေးကင်မရာများ (CCTV) ဖြင့် လွတ်လပ်ခွင့်ချိုးဖောက်ခြင်း

အချို့အကျဉ်းထောင်များနှင့် ရဲစခန်းများတွင် အကျဉ်းသူများ နေထိုင်သည့် အိပ်ဆောင်များ၌ လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များကို အကြောင်းပြု၍ CCTV ကင်မရာများ တပ်ဆင်ထားသည်။ CCTV စောင့်ကြည့်မှုသည် လုံခြုံရေးအတွက်သာမကဘဲ အာဏာသုံး အနိုင်ကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာ ချိုးဖောက်မှုများအတွက် အသုံးချလာသည့် ပုံစံများလည်း တွေ့ရသည်။ အချို့အခြေအနေများတွင် CCTV မှတဆင့် စောင့်ကြည့်ထားသည့် အချက်အလက်များကို အကြောင်းပြု၍ အကျဉ်းသူများအား လိင်ပိုင်းဆိုင်ရာ အရှက်ခွဲခြင်းနှင့် ဖိအားပေးခြင်းများပြုလုပ်သည့် ပုံစံများလည်း ရှိသည်။ အိပ်နေစဉ် သို့မဟုတ် ကိုယ်ပိုင်အခြေအနေများကို ထောက်ပြကာ ထုတ်ဖော်မည်ဟု ခြိမ်းခြောက်ခြင်းများသည် အမျိုးသမီးများအား အမြဲတမ်း ကြောက်ရွံ့ထိတ်လန့်နေစေပြီး ကိုယ်ပိုင်လုံခြုံခွင့်ထိပါးနှောင့်ယှက်နေခြင်း ဖြစ်သည်။

အေအေပီပီနှင့် တွေ့ဆုံမေးမြန်းမှုမှ ကောက်နုတ်ချက်

"ကျမအဖမ်းခံရတဲ့ချိန်ကစတင်ပြီး ရဲစခန်းအချုပ်ခန်းထဲမှာ CCTV တပ်ထားတာကိုတွေ့ရတဲ့အခါ စိတ်မလုံခြုံမှုကို စတင်ခံစားခဲ့ရပါတယ်။ အထူးသဖြင့် ရေချိုးတဲ့နေရာနှင့်တတန်းတည်း ကျနေခြင်းဖြစ်တဲ့အခါ ကျမအတွက် အင်မတန်မှ အခက်အခဲဖြစ်ခဲ့ရပါတယ်။ သူတို့တွေကျမရေချိုးတာကိုစောင့်ကြည့်နေတာလားဆိုတဲ့အတွေးတွေ တချိန်လုံးရခဲ့ပါတယ်။ အဝတ်ဝတ်ရင်တောင်အိမ်သာထဲမှာ သွားဝတ်ခဲ့ရပါတယ်။ ဒီလိုနှင့် အင်းစိန်ထောင်ကို ရောက်သွားတဲ့အခါမှာလည်း အစကတော့ CCTV တပ်ထားတာကိုမတွေ့ရပေမဲ့ နောက်ပိုင်းကျတော့ လုံခြုံရေး အရဆိုတဲ့ အကြောင်းပြချက်များနဲ့ camera များကိုစတင်တပ်ရန် လုပ်ဆောင်မှုကြောင့် ကျမတို့အကျဉ်းသူများ က စုပေါင်းပြီး ဒါဟာကျမတို့ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ကိုယ်ရေးကိုယ်တာလုံခြုံမှုအတွက် ချိုးဖောက်မှုဖြစ် ကြောင်း တင်ပြတောင်းဆိုခဲ့သော်လည်း ကျမတို့ဘာမှမတတ်နိုင်ခဲ့ပါ။ ကျမတို့အိပ်တဲ့အိပ်ဆောင်မှာပဲ camera တွေကိုတပ်ဆင်ခဲ့ကြပါတယ်။ အဲ့တာကြောင့် ကျမတို့ဟာ ကျန်တဲ့အချိန်မပြောနဲ့ အိပ်တဲ့အချိန်မှာတောင်မလုံခြုံခဲ့ ဘူး။ အထူးသဖြင့်လိင်ပိုင်းဆိုင်ရာချိုးဖောက်ခံရတယ်ဆိုတဲ့စိတ်ပိုင်းဆိုင်ရာမလုံခြုံမှုကိုခံစားရပြီး အမျိုးသမီး တဦးတယောက်ချင်းစီရဲ့ဂုဏ်သိက္ခာကိုလည်းကျဆင်းစေပါတယ်။"

ဤကဲ့သို့အချိန်ပြည့် စောင့်ကြည့်မှုများသည် လုံခြုံရေးအတွက် လိုအပ်သောအဆင့်ကို ကျော်လွန်သွားကာ ထိန်းချုပ်ရန်၊ ကြောက်ရွံ့စေရန်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ချိုးဖောက်ရန် ရည်ရွယ်သည့် စနစ်တကျ ဖိနှိပ်မှုဖြစ်ပြီး ထို အခြေအနေများကြောင့် အမျိုးသမီးများအနေဖြင့် ကိုယ်ပိုင်လုံခြုံမှု ခံစားခွင့်မရှိတော့ဘဲ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ် ရာများကို ဆက်လက်ခံစားရစေသည်။

**ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်း**

အချို့အကျဉ်းထောင်များတွင် နေ့စဉ်ဘဝဆိုင်ရာ အခြေအနေများဖြစ်သော ရေသုံးစွဲမှု၊ တန်းစီစနစ်၊ သန့်ရှင်းရေးအ သုံးပြုခွင့်အစရှိသည်တို့နှင့်ပတ်သက်၍ ပြဿနာများ ဖြစ်ပေါ်လာသည့်အခါတွင်လည်းကောင်း၊ ထောင်တွင်းဆန္ဒထုတ် ဖော်သည့်အချိန်များတွင်လည်းကောင်း အကျဉ်းဦးစီးဝန်ထမ်းများက အခြေအနေကို ထိန်းချုပ်ရန်အတွက် လိုအပ် သောအဆင့်ကို ကျော်လွန်ကာ အလွန်အကျွံ အင်အားအသုံးပြုလေ့ရှိသည်။ ထိုအခြေအနေများတွင် အမျိုးသားဝန် ထမ်းများက သံတုတ်များ၊ ဝါးရင်းတုတ်များ၊ ရာဘာတုတ်များ၊ လျှပ်စစ်ကျဉ်စက်များနှင့် လောက်လေးခွများကဲ့သို့ သော လက်နက်များကို အသုံးပြု၍ အကျဉ်းသူများကို အစုလိုက်အပြုံလိုက် ရိုက်နှက်ခြင်းများ ရှိသည်။ ထိုကဲ့သို့ အကြမ်းဖက်မှုများကြောင့် အကျဉ်းသူများအနေဖြင့် ဦးခေါင်းဒဏ်ရာများ၊ အရိုးကျိုးခြင်းများ၊ ရင်ဘတ်နှင့် ဝမ်းဗိုက် ဒဏ်ရာများကဲ့သို့ ခန္ဓာကိုယ်ထိခိုက်မှုများကို ခံစားရသည်။

အေအေပီပီနှင့် တွေ့ဆုံမေးမြန်းမှုမှ ကောက်နုတ်ချက်

"အစ်မတို့ (အင်းစိန်ထောင် အဆောင်) ထဲကို ဝင်လာတာကကျတော့ (၂၀) (၃၀) လောက်တော့ ရှိမယ်။ ယော ကျ်ားလေးဝါဒါတွေ အများကြီးပဲ။ လက်ထဲမှာက နံပါတ်တုတ်တွေ ကိုင်ထားတယ်။ ထောင်ဝါဒါ မိန်းမတွေ ကကျတော့ အကာအပြည့်အစုံ နဲ့၊ ဘန်ကာတွေရော၊ ဦးထုပ်တွေရော အကုန်လုံးကာပြီးတော့ တုတ်တွေနဲ့ တက်လာပြီး အစ်မတို့အကုန်လုံးကို မှောက်ပြီးတော့ ကိုယ်နဲ့မဆိုင်တဲ့သူ မော့မကြည့်နဲ့ "စောက်ကောင်မတွေ ဘာဖြစ်တယ် ညာဖြစ်တယ်" ဆိုပြီး ဆဲတယ်။ အဲ့မှာ ထောင်ပိုင်လေးနဲ့တူပါတယ်။ အဲ့ကောင်က "စောက် ကောင်မတွေ စောက်ကြောကိုတင်းတယ်" ဆိုပြီး နာမည်တယောက် ခေါ်ပြီး ထတဲ့လူတိုင်းကို အသက်ကြီး ကြီး၊ ငယ်ငယ် နားရင်းအုပ်တယ်။ တချို့ဆို ခေါင်းမငုံ့ဘူးဆိုရင် "စောက်ကောင်မ စောက်ကြောကို တင်း တယ်" ခေါင်းငုံ့လို့ ပြောနေတာဆိုပြီး ပိတ်ရိုက်တာတွေ ရှိတယ်။ တချို့ဆိုရင် "နင်လား အကြောထောင်နေ တာ" ဆိုပြီး သူတို့က စာရင်းနဲ့မှတ်ထားတာဆိုတော့ ပိုပြီးတော့ လုပ်တယ်။ ခေါင်းမငုံ့တဲ့သူဆိုရင် ခေါင်းမငုံ့ ငုံ့အောင် ဇက်ကြောကို ရိုက်တယ်။ နောက်ကနေ တုတ်နဲ့ရိုက်တယ်။"

အကျဉ်းသူများအနေဖြင့် ပုဂ္ဂလိကလုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသည့် အခြေအနေများကို ထောင်အာဏာပိုင် များထံ တိုင်ကြားမှုများပြုလုပ်ရာတွင် မဖြေရှင်းပေးဘဲ လက်နက်များဖြင့် ပစ်ခတ်ခြင်း၊ ရိုက်နှက်ခြင်းများ ပြုလုပ် သည်ကိုလည်း ကြုံတွေ့ကြရသည်။

ပဲခူးတိုင်း၊ ဒိုက်ဦးအကျဉ်းထောင်၌ ထောင်ပြောင်းလာသည့် နိုင်ငံရေးအကျဉ်းသူတဦးကို တရားမဝင်ပစ္စည်းပါလာသည်ဆိုသည့် စွပ်စွဲချက်ဖြင့် အကျဉ်းဦးစီးဌာနမှ အမျိုးသားဝန်ထမ်း ၅၀ ဦးခန့်နှင့် အမျိုးသမီးဝန်ထမ်း ၇ ဦးတို့ အမျိုးသမီးအဆောင်အတွင်းသို့ လေးခွ၊ ရာဘာတုတ်၊ ကျဉ်စက်များကိုင်ဆောင်၍ ဝင်ရောက်ပြီး အဓမ္မအင်အားသုံး ခေါ်ဆောင်မှုဖြစ်ပွားရာ၊ ထိုလုပ်ဆောင်ချက်နှင့်ပတ်သက်၍ အခြားနိုင်ငံရေးအကျဉ်းသူများက ကန့်ကွက်ရာမှ အကျဉ်းထောင်ဝန်ထမ်းများက ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် အကျဉ်းသူအချို့ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသခွင့်မပေးဘဲ တိုက်ပိတ်ပြစ်ဒဏ်ပါ ချမှတ်ခဲ့သည်။

**သဘာဝဘေးအန္တရာယ်များ၏သက်ရောက်မှုကို မျက်ကွယ်ပြုခြင်း**

အကျဉ်းထောင်များ၏ ယိုယွင်းပျက်စီးနေသော အဆောက်အဦများနှင့် အရေးပေါ်အခြေအနေများအတွက် စနစ်တကျ စီမံခန့်ခွဲမှုမရှိခြင်းသည် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် အကျဉ်းသူများ၏ အသက်အန္တရာယ်ကို တိုက်ရိုက်ထိခိုက်စေသော ပြဿနာဖြစ်သည်။ မြေငလျင်ကဲ့သို့သော သဘာဝဘေးများ ဖြစ်ပွားချိန်တွင် အကျဉ်းထောင် အဆောက်အဦများ ပြိုကျခြင်း၊ တိမ်းစောင်းခြင်းများ ဖြစ်ပေါ်လာသော်လည်း အကျဉ်းသားများကို ကာကွယ်ကယ်ဆယ်ရန် ကြိုတင်အစီအစဉ်များ၊ အရေးပေါ်လုပ်ထုံးလုပ်နည်းများ မရှိသည့်အခြေအနေများကို တွေ့ရသည်။

အချို့နေရာများတွင် အဆောင်အဆောက်အဦများ ပြိုကျနေချိန်၌ပင် ထောင်ဝန်ထမ်းများက အကျဉ်းသားများကို ကယ်ဆယ်ရန် မကြိုးပမ်းဘဲ ကိုယ်တိုင် လုံခြုံရာသို့ ထွက်ပြေးသည့် လုပ်ရပ်များ ဖြစ်ပေါ်ခဲ့သည်။ ယင်းအခြေအနေများကြောင့် နိုင်ငံရေးအကျဉ်းသား အနည်းဆုံး (၅၉) ဦး သေဆုံးမှုနှင့် အကျဉ်းသားအချို့ ကိုယ်လက်အင်္ဂါဖြတ်တောက်ရသည်အထိ ပြင်းထန်သော ထိခိုက်ဒဏ်ရာရမှုများကို အစုလိုက်အပြုံလိုက် ကြုံတွေ့ရပြီး၊ လူ့အသက်အပေါ် တန်ဖိုးထားမှုမရှိသည့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ရပ်များကို အဆိုပါဖြစ်ရပ်များက ပေါ်လွင်ထင်ရှားစေသည်။

ထိခိုက်ဒဏ်ရာရရှိသည့် အကျဉ်းသားများကို အချိန်မီ အရေးပေါ်ဆေးကုသမှုပေးအပ်ခြင်း မရှိသလို၊ ပြင်ပဆေးရုံများသို့ လွှဲပြောင်းကုသရန် လိုအပ်သော်လည်း လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များဖြင့် တင်းကျပ်စွာ ကန့်သတ်ထားသည်။ ထိုလုပ်ရပ်များသည် ထိခိုက်ဒဏ်ရာများကို ပိုမိုဆိုးရွားစေပြီး သေဆုံးမှုများ ဖြစ်ပေါ်လာစေသည်။ ထို့အပြင် အကျဉ်းထောင်အာဏာပိုင်များက ထောင်တွင်းအခြေအနေများကို သတင်းအချက်အလက် ဖုံးကွယ်ထားခြင်းနှင့် သေဆုံးသူများ၏ မိသားစုဝင်များကို သတင်းပို့အကြောင်းကြားခြင်းမရှိဘဲ ထိန်ချန်ထားခြင်းများလည်းရှိသည်။

သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ကိုယ်ဝန်ဆောင်အကျဉ်းသူများ၏ အခြေအနေမှာ ပိုမိုထိခိုက်လွယ်သဖြင့် အရေးပေါ်စောင့်ရှောက်မှုများကို စီမံရမည်ဖြစ်သည်။ သို့ရာတွင် အဆောက်အဦပျက်စီးမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း အရေးပေါ် ဆေးကုသခွင့် မပေးအပ်ခြင်း၊ ဆေးရုံသို့ အချိန်မီ မပို့ဆောင်ပေးခြင်းတို့ကြောင့် သန္ဓေသားဆုံးရှုံးရခြင်းနှင့် မိခင်၏ အသက်အန္တရာယ်ထိခိုက်ရသည့် အခြေအနေများရှိခဲ့ရာ ထိုသို့ဖြစ်စဉ်များသည် အမျိုးသမီးများ၏ ကျန်းမာရေးအခွင့်အရေး၊ အသက်ရှင်ခွင့်နှင့် လူ့ဂုဏ်သိက္ခာကို ပြင်းထန်စွာ ချိုးဖောက်နေသည့် ကိစ္စရပ်များဖြစ်သည်။

## ဓမ္မတာဆိုင်ရာကိစ္စရပ်များနှင့်အကျိုးဆက်များ

အမျိုးသမီးများ၏ မျိုးဆက်ပွားကျန်းမာရေးနှင့် လစဉ်ဓမ္မတာစက်ဝန်း မှန်ကန်မှုတို့သည် ကျန်းမာရေးနှင့် လူ့ဂုဏ်သိက္ခာကို ကာကွယ်ရန် မဖြစ်မနေ လိုအပ်သော အခြေခံအချက်များဖြစ်သည်။ သို့သော် အကျဉ်းထောင်စနစ်အတွင်း ယင်းကဏ္ဍကို စနစ်တကျ ကာကွယ်ထောက်ပံ့ပေးမှုမရှိခြင်းကြောင့် အကျဉ်းသူများ၏ ဇီဝကမ္မဆိုင်ရာ လုပ်ဆောင်ချက်များမှာ ထိခိုက်ခံစားနေကြရသည်။ အကျဉ်းထောင်အတွင်း ရင်ဆိုင်နေရသည့် စိတ်ပိုင်းဆိုင်ရာ ဖိအားများ၊ ဆက်တိုက်ဖြစ်ပေါ်နေသော ကြောက်ရွံ့မှုနှင့် ထိတ်လန့်မှုများ၊ လိင်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများသည် အမျိုးသမီးများ၏ ဟော်မုန်းညှိနှိုင်းမှုကို ထိခိုက်စေပြီး လစဉ်ဓမ္မတာစက်ဝန်း မမှန်ကန်ခြင်းများကို ဖြစ်ပေါ်စေသည်။ ထို့အပြင် အာဟာရမလုံလောက်မှု၊ အစားအသောက်အရည်အသွေးနိမ့်ကျမှုနှင့် လုံလောက်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်းတို့သည် အမျိုးသမီးများ၏ ကိုယ်ခံအားနှင့် ဇီဝကမ္မစနစ်များကို ပိုမို အားနည်းစေသည်။

အေအေပီပီနှင့် တွေ့ဆုံမေးမြန်းမှုမှ ကောက်နုတ်ချက်

“ကျမ နောက်နေ့ကျရင် ပဲခူးအကျဉ်းထောင်ကို ပြောင်းရတော့မှာ၊ ဒီနေ့ကျတော့ menstruation ဖြစ်တယ်။ pain က တခါလာပြီဆိုရင် အရမ်းဆိုးတယ်။ ကျမအရမ်းဆေးက လိုနေပြီ ဘယ်လိုမှမခံစားနိုင်ဘူး မတ်တတ်တောင် မရပ်နိုင်တော့ဘူး။ ကျမပုံစံကို ကြည့်ပြီးတော့ သူတို့က နည်းနည်းလန့်သွားတယ်နဲ့ တူတယ်။ နေ့ခင်းလောက်တည်းက ဖြစ်တာ၊ ညနေတန်းပိတ်လို့ပြီးသွားပြီ ၆ နာရီ လောက်ကျတော့မှ ဘာဆေးတွေမှန်း မသိဘူး Para ရယ်၊ အနီရောင် အလုံးလေးရယ် ဆေး နှစ်မျိုးပါတာ။ တမျိုးကို သုံးလုံးနဲ့ ဆေးအိတ်လေးကို တုတ်လေးနဲ့ လာထိုးပြီးတော့ ပေးတယ်။ အဲတခုပဲရှိခဲ့ဖူးတယ်။”

ထို့ကြောင့် အကျဉ်းသူအများအပြားတွင် ဓမ္မတာမမှန်သည့်အခြေအနေများကို လပေါင်းများစွာ ဆက်တိုက်ခံစားနေရပြီး ထိုကဲ့သို့ အကျဉ်းထောင်တွင်း ဓမ္မတာပုံမှန်မဖြစ်ခြင်းများ ကျယ်ပြန့်စွာ ဖြစ်ပေါ်နေရခြင်းသည် ထောင်အတွင်းရှိ နေထိုင်မှုအခြေအနေများနှင့် တိုက်ရိုက် ဆက်နွယ်မှုရှိနေကြောင်းကို ပြသနေသည်။ ဇီဝကမ္မဖြစ်စဉ်များ ပျက်ယွင်းလာခြင်းသည် ခန္ဓာကိုယ်အတွင်း အခြား နာတာရှည်ကျန်းမာရေးပြဿနာများ၊ မျိုးဆက်ပွားစနစ်ဆိုင်ရာ အန္တရာယ်များနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများကိုပါ ဆက်လက်ဖြစ်ပေါ်စေနိုင်သည်။ အကျဉ်းသူများ၏ မျိုးဆက်ပွားကျန်းမာရေးကို ထိန်းသိမ်းကာကွယ်ရန် အလေးမထားဘဲ ဆက်လက် လျစ်လျူရှုနေခြင်းသည် ကျန်းမာရေးရရှိခွင့်၊ လူ့ဂုဏ်သိက္ခာနှင့် လိင်အခြေပြု မညီမျှမှုများကို စနစ်တကျ ချိုးဖောက်နေခြင်းဖြစ်သည်။

**စိတ်ဖိစီးမှုကြောင့် ရာသီသွေးထိန်ခြင်း**

အကျဉ်းထောင်များအတွင်း အကျဉ်းသူများ ကြုံတွေ့နေရသည့် နာတာရှည် စိတ်ဖိစီးမှုနှင့် စိတ်ဒဏ်ရာများသည် ၎င်းတို့၏ မျိုးဆက်ပွားကျန်းမာရေးကို အလွန်ပြင်းထန်စွာ ထိခိုက်စေသည်။ စစ်ကြောရေးကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှုများ၊ အဆက်မပြတ် ခြိမ်းခြောက်မှုများနှင့် မလုံခြုံသော ပတ်ဝန်းကျင်များကြောင့် ဖြစ်ပေါ်လာသော နာတာရှည် စိတ်ဖိစီးမှုသည် ဦးနှောက်ရှိ Hypothalamus အစိတ်အပိုင်း၏ လုပ်ဆောင်ချက်များကို ထိခိုက်စေသည်။ ဆေးပညာရှင်များ၏ သုတေသနပြုချက်များအရ နာတာရှည် စိတ်ဖိစီးမှုသည် HPA Axis (Hypothalamic-Pituitary-Adrenal Axis) ကို အလွန်အကျွံ အလုပ်လုပ်စေပြီး Cortisol ဟော်မုန်းကို အဆမတန် ထွက်ရှိစေသည်။ ဤ Cortisol ဟော်မုန်း မြင့်တက်လာမှုသည် မျိုးပွားဟော်မုန်းများဖြစ်သည့် Estrogen နှင့် Progesterone ထုတ်လုပ်မှုကို ထိန်းချုပ်သည့် Gonadotropin-releasing hormone ကို ဖိနှိပ်ပစ်လိုက်ရာမှ ရာသီသွေးထိန်မှုကို ဖြစ်ပေါ်စေခြင်း ဖြစ်သည်။ (Magiakou et al., 1997; Chrousos, 2004)

အေအေပီပီနှင့် တွေ့ဆုံမေးမြန်းမှုမှ ကောက်နုတ်ချက်

“အမျိုးသမီးတွေ လစဉ်ဓမ္မတာလာတာနဲ့ပတ်သက်ပြီးတော့ special ဆိုပြီးမရှိဘူး။ အတူနေ ညီမလေး တယောက်ဆို သုံးလ၊ လေးလ လောက်ရှိပြီရာသီမလာတော့ ဘာဖြစ်လို့လဲပေါ့ အထဲမှာ Stress နဲ့ Pressure တွေလည်းပါတာပေါ့နော့။ အဲဒီအတွက်သီးသန့် အမျိုးသမီးဆရာဝန်နဲ့ပြချင်လို့ သူတို့အနေနဲ့ ညွှန်ကြားပေးမှုမျိုးမရှိဘူး။ သူတို့တွေနဲ့ကတိုက်ယူနေရတဲ့အနေအထားပေါ့ ရပိုင်ခွင့်အကုန်လုံးကိုတော့ တင်ပြတောင်းဆိုခဲ့ပါတယ်။ သူတိုကဘာကြောင့်သွင်းခွင့်မရှိဘူးလည်းဆိုရင် သူတို့ပြောနေကျက ဒီဆေးကို ဒီလောက်သွင်းခွင့်မရှိဘူးတို့၊ အဲလောက်အများကြီး သွင်းခွင့်ပေးမထားဘူးတို့၊ ကျွန်တော်တို့ ဆေးရုံမှာရှိတဲ့ ဆေးနဲ့ မလုံလောက်လို့လား ဒီရောဂါက (ဆိုပြီးပြောတယ်)။”

ထိုသို့ လပေါင်းများစွာ Estrogen ဟော်မုန်း လျော့နည်းနေမှုသည် ကာလတိုအတွင်း ရာသီမလာခြင်းသက်သက်မဟုတ်ဘဲ၊ ရေရှည်တွင် ခန္ဓာကိုယ်၏ အရိုးသိပ်သည်းဆကို သိသိသာသာ လျော့ကျစေကာ အရိုးပွရောဂါ (Osteoporosis) နှင့် အရိုးကျိုးလွယ်ခြင်းများကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ပြင် Estrogen ဟော်မုန်းသည် နှလုံးနှင့် သွေးကြောများကို ကာကွယ်ပေးသော ဂုဏ်သတ္တိရှိရာ၊ ယင်းဟော်မုန်းချို့တဲ့မှုသည် ငယ်ရွယ်သော အမျိုးသမီးများတွင်ပင် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြေကို အလွန်မြင့်မားစေသည်။ ယင်းအခြေအနေများသည် အကျဉ်းထောင်အတွင်း အမျိုးသမီးများ၏ ကျန်းမာရေးအခွင့်အရေးကို စနစ်တကျ ချိုးဖောက်နေကြောင်း ဖော်ပြနေသည်။

## လစဉ်သုံးပစ္စည်း ကန့်သတ်ခံရခြင်း

အမျိုးသမီးများအတွက် လစဉ်သုံးပစ္စည်းများရရှိနိုင်ခြင်းသည် လူ့ဂုဏ်သိက္ခာနှင့် ကျန်းမာရေးအခွင့်အရေးတို့နှင့် တိုက်ရိုက်ဆက်နွယ်နေသည့် အခြေခံလိုအပ်ချက်ဖြစ်သည်။ သို့ရာတွင် အကျဉ်းထောင်အချို့တွင် အမျိုးသမီးလစဉ်သုံးပစ္စည်းများ၊ ဆပ်ပြာအပါအဝင် တကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများကို အချိန်ကြာမြင့်စွာ ထောက်ပံ့ပေးခြင်းမရှိသော အခြေအနေများကြောင့် အကျဉ်းသူများသည် နေ့စဉ်ဘဝတွင် အခက်အခဲများကို ရင်ဆိုင်နေရသည်။ အထူးသဖြင့် မိသားစုထောက်ပံ့မှုကို မရရှိနိုင်သောသူများအတွက် ယင်းကဲ့သို့သော လျစ်လျူရှုမှုသည် လူ့ဂုဏ်သိက္ခာကို ထိခိုက်စေသည့် အခြေအနေဖြစ်လာစေသည်။

လိုအပ်သော သန့်စင်ရေးပစ္စည်းများ မရရှိနိုင်ခြင်းနှင့် မသန့်ရှင်းသောရေကို အသုံးပြုရခြင်းတို့ကြောင့် လိင်အင်္ဂါနှင့် ဆီးလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ၊ သားအိမ်ခေါင်း ရောင်ရမ်းခြင်းများကဲ့သို့သော ကျန်းမာရေးပြဿနာများ ပိုမိုဖြစ်ပွားလာစေသည်။ ယင်းအခြေအနေများသည် အကျဉ်းထောင်စီမံခန့်ခွဲမှုစနစ်အတွင်း အမျိုးသမီးများ၏ ကျန်းမာရေးနှင့် လူ့အခွင့်အရေးများကို လုံလောက်စွာ ကာကွယ်ပေးရန် ပျက်ကွက်နေမှုကို ထင်ရှားစွာ ဖော်ပြနေသည်။

## ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာ မရရှိမှုများ

မြန်မာနိုင်ငံရှိ အကျဉ်းထောင်စနစ်အတွင်း လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသခွင့်များကို စနစ်တကျ ကန့်သတ်ခြင်း သို့မဟုတ် ပိတ်ပင်ခြင်းသည် နိုင်ငံရေးအကျဉ်းသူများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်သည့် တမင်ရည်ရွယ်သော အပြစ်ပေးမှုနှင့် ညှဉ်းပန်းနှိပ်စက်မှု ပုံစံတခုဖြစ်သည်။ အထူးသဖြင့် နာတာရှည်ရောဂါဝေဒနာများ ခံစားနေရသူများအတွက် ပြင်ပဆေးရုံများသို့ လွှဲပြောင်းကုသခြင်းကို ခွင့်ပြုရန် မိသားစုဝင်များမှ ဆက်တိုက်တောင်းဆိုနေသော်လည်း အုပ်ချုပ်ရေးဆိုင်ရာ အကြောင်းပြချက်များ၊ လုံခြုံရေးဆိုင်ရာ ကိစ္စများကို အကြောင်းပြု၍ အချိန်နှောင့်နှေးစေခြင်း သို့မဟုတ် အပြည့်အဝ ကန့်သတ်တားဆီးထားခြင်းများ ပြုလုပ်လျက်ရှိသည်။ ထိုကဲ့သို့ အကြောင်းပြချက်အမျိုးမျိုးဖြင့် တားဆီးထားခြင်းတို့ကြောင့် အသက်ဆုံးရှုံးမှုပေါင်းများစွာ ဖြစ်ပေါ်လျက်ရှိသည်။


ယင်းကဲ့သို့ ဆေးကုသခွင့်ကို ငြင်းပယ်ထားခြင်းနှင့် အချိန်မီ ကုသမှု မရရှိနိုင်ခြင်းတို့သည် ကာကွယ်နိုင်သည့် အသက်ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပြီး၊ အကျဉ်းထောင်အာဏာပိုင်များက လူ့အသက်နှင့် ကျန်းမာရေးအခွင့်အရေးများကို မလိုလားအပ်သကဲ့သို့ လျစ်လျူရှုထားနေမှုကို ထင်ရှားစွာ ဖော်ပြနေသည်။ ထိုအခြေအနေများသည် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကိုပါ ထိခိုက်စေပြီး ထိုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုကို စနစ်တကျနှင့်ကျယ်ပြန့်စွာ ငြင်းပယ်နေမှုသည် နိုင်ငံရေးအကျဉ်းသားများကို ချုပ်ချယ်ဖိနှိပ်ရန် အသုံးချနေသော နိုင်ငံရေးအရ အကြမ်းဖက်မှု၏ အစိတ်အပိုင်းတရပ်အဖြစ် ပေါ်လွင်နေသည်။

## အကျဉ်းထောင်တွင်း အသက်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီးများ

စစ်အုပ်စု၏ ဖမ်းဆီးခံရပြီးနောက် တရားဝင်ထိန်းသိမ်းရေးစခန်းများဖြစ်သော ရဲစခန်းများ၊ စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များအတွင်း အသက်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီး စုစုပေါင်း (၄၀) ဦးရှိကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) မှ မှတ်တမ်းတင်ထားနိုင်ခဲ့သည်။ အောက်တွင် ထိုအမျိုးသမီးများအနက်မှ အချို့ဖြစ်စဉ်များကို ထုတ်နုတ်ဖော်ပြထားသည်။

**မနွယ်နီဝင်း (အသက် ၄၁ နှစ်)**

မနွယ်နီဝင်းကို အကြမ်းဖက်စစ်အုပ်စုမှ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး ရာဇသတ်ကြီးဥပဒေပုဒ် ၅၀၅-က ဖြင့် ထောင်ဒဏ် (၃) နှစ်ပြစ်ဒဏ် ချမှတ်ခဲ့သည်။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မန္တလေးတိုင်း၊ မန္တလေးမြို့၌ လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် အောင်မြေသာစံမြို့နယ်၊ မန္တလေး(အိုးဘို)အကျဉ်းထောင်အတွင်းရှိ အဆောက်အဦများမှာ ခိုင်ခံ့မှုအားနည်းပြီး ပြိုကျပျက်စီးခဲ့ရာ ကိုယ်ဝန်လွယ်ထားရသည့် မနွယ်နီဝင်းဒဏ်ရာရရှိခဲ့ကာ သူမ၏သန္ဓေသားလည်းထိခိုက်ခဲ့သည်။ သို့ရာတွင် ဆေးဝါးကုသခွင့်တောင်းခံမှုကို အာဏာပိုင်များက ငြင်းဆန်ခဲ့ပြီး ငလျင်ဖြစ်ပွားပြီးနောက် ၁၇ ရက်အကြာ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့မှသာ ထောင်ပြင်ပဆေးရုံသို့ပို့ဆောင်ပေးခဲ့သဖြင့် အချိန်မီ ဆေးဝါးကုသခွင့်မရရှိခဲ့သောကြောင့် မနွယ်နီဝင်းသည် ထိုနေ့တွင်ပင် သေဆုံးသွားခဲ့ရသည်။



## မယဉ်မိုး (အသက် ၃၅ နှစ်)



၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရသော မယဉ်မိုးကို မန္တလေး (အိုးဘို) အကျဉ်းထောင်တွင်းအထူးတရားရုံးမှ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က အမှုနှစ်မှုဖြင့် ထောင်ဒဏ် (၆) နှစ် အမိန့်ချမှတ်ခဲ့သည်။ ထို့နောက် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် မယဉ်မိုးအား မြင်းခြံအကျဉ်းထောင်သို့ ထောင်ပြောင်းရွှေ့ခဲ့ပြီး၊ ကျန်းမာရေးကောင်းမွန်ခြင်းမရှိသောကြောင့် မန္တလေးအကျဉ်းထောင်သို့ ပြန်လည် လွှဲပြောင်းပေးခဲ့သည်။ သူသည် ထောင်တွင်း၌ မကြာခဏဖျားနာခဲ့ပြီး ထောင်ဆေးရုံ၌လည်း လုံလောက်သော ဆေးကုခွင့် မရခဲ့ဘဲ မသေဆုံးမီ နှစ်လအလိုမှ ကျောက်ကပ်ရောဂါခံစားနေရသည်ကို သိရှိခဲ့ရပြီး ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် မန္တလေးဆေးရုံ၌ ဆေးကုသခွင့်ပေးခဲ့သော်လည်း လုံခြုံရေး မပေးနိုင်ဟု အကြောင်းပြ၍ အချိန်ပြည့် ဆေးကုသခွင့်မပေးခဲ့ဘဲ ထောင်သို့ပြန်လည် ပို့ဆောင်ခဲ့သည်။ ထို့နောက် ကျောက်ကပ်ရောဂါ အပြင်းအထန် ခံစားရချိန်တွင် မယဉ်မိုးကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့၌ မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီးနောက် အဆိုပါနေ့တွင်ပင် အသက်ဆုံးရှုံးခဲ့သည်။

## မစုမေအောင် (အသက် ၂၂ နှစ်)

မကွေးတိုင်း၊ မကွေးမြို့နယ်၌နေထိုင်သော မစုမေအောင်သည် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပြည်သူ့ကာကွယ်ရေးတပ်များကို ထောက်ခံသည့် Post တင်ခြင်း၊ ထောက်ပံ့ခြင်းများ ပြုလုပ်သည်ဟု စွပ်စွဲခြင်းခံခဲ့ရကာ ၂၀၂၂ ခုနှစ်တွင် စစ်အုပ်စု၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထို့နောက် မကွေးအကျဉ်းထောင်၌ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀ (ည) ဖြင့် ထောင်ဒဏ် (၁၅) နှစ် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ မစုမေအောင်သည် ၂၀၂၃ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်းတွင် အရေပြားလေးဖက်နာရောဂါ၊ အဆုတ်ရေဝိုင်း၍ အသည်းကြီးကာ နှလုံးဖောက်သည့် ရောဂါဝေဒနာများ ခံစားခဲ့ရပြီး ထောင်အတွင်း၌ လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို မရရှိခဲ့ပါ။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် အကျဉ်းထောင်ဝန်ထမ်းများက မစုမေအောင်အား ပြုစုပေးနေသည့် နိုင်ငံရေးအကျဉ်းသူများနှင့် အခန်းအတူမထားဘဲ အခြားအမှုများထားရှိရာအခန်းသို့ ရွှေ့ပြောင်းထားခဲ့ရာမှ ၎င်း၏ကျန်းမာရေးအခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်။ ထို့ကြောင့် သူက ပြင်ပဆေးရုံ၌ ဆေးကုသခွင့်ရရှိရန် ထောင်အာဏာပိုင်များထံသို့ တင်ပြတောင်းဆိုခဲ့သော်လည်း ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှသာ မကွေးပြည်သူ့ဆေးရုံသို့ တက်ရောက်ခွင့်ရရှိခဲ့ပြီး၊ အချိန်မီဆေးကုသခံယူခွင့်မရရှိသောကြောင့် ဆေးရုံရောက်ပြီး သုံးရက်မြောက်နေ့ဖြစ်သော ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့၊ နံနက် ၉ နာရီခန့်အချိန်၌ ကွယ်လွန်ခဲ့သည်။



## ဒေါ်စန်းရီ (အသက် ၆၅ နှစ်)



မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ ရှမ်းလေးကျွန်းကျေးရွာတွင်နေထိုင်သူ ဒေါ်စန်းရီသည် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ရက်နေ့တွင် အကြမ်းဖက်စစ်အုပ်စု၏ ဖမ်းဆီးခြင်းခံခဲ့ရပြီးနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)နှင့် ၅၀(ည)တို့ဖြင့် တရားစွဲဆိုခံခဲ့ရကာ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ရက်နေ့တွင် ထောင်ဒဏ် (၂၂) နှစ် ချမှတ်ခြင်းခံထားရသူဖြစ်သည်။ မန္တလေးတိုင်း၊ မန္တလေး(အိုးဘို) အကျဉ်းထောင်၌ ထိန်းသိမ်းခံနေရသော ဒေါ်စန်းရီသည် သွေးတိုး၊ ဆီးချိုနှင့် နှလုံးရောဂါတို့ကို ခံစားနေခဲ့ရပြီး အကျဉ်းထောင်တွင်း၌ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု ဆေးဝါးကုသမှုတို့ မရရှိခဲ့သဖြင့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အကျဉ်းထောင်အတွင်း၌ သေဆုံးခဲ့သည်။

## မချယ်ရီဝင်း (အသက် ၂၄ နှစ်)

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ဖမ်းဆီးခံရပြီးနောက် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀ (ည) ဖြင့် တရားစွဲဆိုခြင်းခံထားရသည့် ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်ခဲ့သော မချယ်ရီဝင်းသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်အတွင်း၌ ဖျားနာလာရာ၊ ဆေးကုသခွင့်ချက်ချင်းမရရှိဘဲ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ပြင်ပဆေးရုံသို့ ပို့ဆောင်ကုသခဲ့သော်လည်း ဆုံးပါးသွားခဲ့သည်။



## မဝတ်ရည်အောင် (ခ) မီးမီး (ခ) အပြုံး (အသက် ၂၆ နှစ်)



ဒဂုံတက္ကသိုလ်၏ကျောင်းသားသမဂ္ဂ ဗဟိုအလုပ်အမှုဆောင်တဦးဖြစ်သည့် မဝတ်ရည်အောင် (ခ) မီးမီး (ခ) အပြုံးသည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် အခြားကျောင်းသား (၅) ဦးနှင့်အတူ ကျောက်တံတားမြို့နယ်အတွင်း၌ အကြမ်းဖက်စစ်အုပ်စု၏ ဖမ်းဆီးခံခဲ့ရကာ၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် ထောင်ဒဏ် (၃) နှစ် ကျခံခဲ့ရသည်။ ထို့နောက် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က) ဖြင့် ထောင် (၄) နှစ် ထပ်မံ၍ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်ရှိ အင်းစိန်အကျဉ်းထောင်၌ အကျဉ်းချခံထားရသည့် မဝတ်ရည်အောင် (ခ) မီးမီး (ခ) အပြုံးသည် စစ်ကြောရေး၌ ပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသဖြင့် ဦးခေါင်းအတွင်းဒဏ်ရာရရှိခဲ့သူဖြစ်ပြီး အကျဉ်းထောင်အတွင်း၌လည်း လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုမရရှိခဲ့ပေ။ ထို့နောက် ရောဂါပြင်းထန်ဆိုးရွားလာခဲ့ပြီး မကြာခဏသတိလစ်မေ့မြောခြင်း၊ တက်ခြင်းနှင့် နှလုံးရပ်ခြင်းများဖြစ်ပေါ်ခဲ့သဖြင့် အင်းစိန်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့၊ နံနက်အစောပိုင်းအချိန်တွင် သေဆုံးခဲ့သည်။

## ဒေါ်မြင့်မြင့်သန်း (အသက် ၅၆ နှစ်)



အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်ခဲ့သော အလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းသည် ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၂၇ရက်နေ့တွင် အကြမ်းဖက်စစ်အုပ်စု၏ ဖမ်းဆီးခြင်းခံခဲ့ရပြီးနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)ဖြင့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ရက်နေ့တွင် ထောင်ဒဏ် (၅) နှစ် ချမှတ်ခြင်းခံခဲ့ရသူဖြစ်သည်။ မန္တလေးတိုင်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး(အိုးဘို)အကျဉ်းထောင်၌ ထိန်းသိမ်းခံထားရစဉ်အတွင်း ဒေါ်မြင့်မြင့်သန်းမှာ တီဘီရောဂါခံစားနေခဲ့ရပြီး အကျဉ်းထောင်အတွင်း၌လည်း လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု မရရှိခဲ့သဖြင့် ရောဂါမှာ ပိုမိုဆိုးရွားလာခဲ့ကာ ၂၀၂၅ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် ထိုနေ့တွင်ပင် ကွယ်လွန်ခဲ့သည်။

## နိဂုံး

မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် အရေးပါသော အခန်းကဏ္ဍ၌ရှိနေသည့် အသက် (၈၁) နှစ်အရွယ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စစ်အုပ်စု၏ ဖမ်းဆီးချုပ်နှောင်မှုအောက်တွင် မိသားစုနှင့်တွေ့ဆုံခွင့်မရရှိသလို မည်သည့်နေရာတွင် ထားရှိသည်ကိုပါ မသိရှိရပေ။ ထိုသို့ မိသားစုနှင့် ဆက်သွယ်ခွင့်ကို ကန့်သတ်ခြင်း၊ ချုပ်နှောင်ထားသည့်နေရာကို မဖော်ပြခြင်းတို့သည် အကျဉ်းသားများ၏ အခြေခံအခွင့်အရေးများကိုသာမက နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများနှင့် စံချိန်စံညွှန်းများကိုလည်း ပြင်းထန်စွာ ချိုးဖောက်ခြင်းဖြစ်သည်။

ကုလသမဂ္ဂ၏ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံရေးဆိုင်ရာ အနိမ့်ဆုံးစံနှုန်းစည်းမျဉ်းများ (မန်ဒဲလားစည်းမျဉ်းများ) တွင် အကျဉ်းသားများအား လူ့ဂုဏ်သိက္ခာနှင့် အခြေခံအခွင့်အရေးများကို လေးစားကာ ဆက်ဆံရမည်ဟု သတ်မှတ်ထားပြီး၊ ပြင်ပလူမှုအသိုင်းအဝိုင်းတွင် ရရှိသည့် ဆေးကုသမှုနှင့် တန်းတူညီမျှသည့် ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်ရမည်ဟု ဖော်ပြထားသည်။ ထို့အပြင် ညှဉ်းပန်းနှိပ်စက်မှု၊ လူမဆန်သော သို့မဟုတ် အရှက်သိက္ခာပျက်စီးစေသော ဆက်ဆံပြုမူမှုများကို တားမြစ်ထားသည်။ အလားတူပင် အကျဉ်းသူများ၏ သီးခြားလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားနိုင်ရန် အကျဉ်းသူများကို ဆက်ဆံပြုမူခြင်းနှင့် ပြစ်မှုကျူးလွန်သူအမျိုးသမီးများအတွက် ထိန်းသိမ်းချုပ်နှောင်ခြင်းမဟုတ်သည့် အစားထိုးအစီအမံများဆိုင်ရာ ကုလသမဂ္ဂစည်းမျဉ်းများ (ဘန်ကောက်စည်းမျဉ်းများ) တွင် ဂျဲန်ဒါရေးရာလိုအပ်ချက်ကို ထည့်သွင်းစဉ်းစားသော အကျဉ်း ထောင်စီမံခန့်ခွဲမှု (gender-responsive prison management) ကို အကောင်အထည်ဖော်ရမည်ဟု သတ်မှတ်ထားသည်။

အဆိုပါ စည်းမျဉ်းများအရ အကျဉ်းသူများအတွက် သန့်ရှင်းရေးနှင့် ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်၊ မျိုးဆက်ပွားကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများကို ပံ့ပိုးပေးရမည်၊ လိင်ပိုင်းဆိုင်ရာနှင့် လိင်အခြေပြု အကြမ်းဖက်မှုများမှ ကာကွယ်ပေးရမည်နှင့် ကိုယ်ဝန်ဆောင်နှင့် မိခင်အကျဉ်းသူများအတွက် သင့်လျော်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ စစ်အုပ်စုထိန်းချုပ်သော အကျဉ်းထောင်များအတွင်း ဖြစ်ပေါ်နေသော အခြေအနေများကို ခြုံငုံသုံးသပ်ကြည့်ပါက အာဏာပိုင်များသည် အရေးပေါ်ကျန်းမာရေးအခြေအနေများ၌ပင် ဆေးကုသခွင့်ကို ကာကွယ်စောင့်ရှောက်ရမည့်အရာအဖြစ် မမြင်ဘဲ ထိန်းချုပ်မှုနှင့် အပြစ်ပေးမှုအတွက် အသုံးချနိုင်သော လက်နက်တခုသဖွယ် သဘောထားလျက်ရှိသည်။ လုံလောက်သော ဆေးဝါးကုသမှုကို မပေးအပ်ခြင်း၊ ပြင်ပဆေးဘက်ဆိုင်ရာ အကူအညီများသို့ လွှဲပြောင်းခွင့်အား တင်းကျပ်စွာ ကန့်သတ်ခြင်းတို့သည် ကာကွယ်နိုင်သည့် အသက်ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသော ဖိနှိပ်မှုပုံစံများ ဖြစ်လာနေသည်။

ထိုကဲ့သို့ လုပ်ဆောင်ချက်များမှတဆင့် နိုင်ငံရေးအကျဉ်းသားများအားလုံးအပေါ် နည်းလမ်းမျိုးစုံအသုံးပြု၍ ဖိနှိပ်မှုကို စနစ်တကျကျယ်ပြန့်စွာကျင့်သုံးနေသည့် မူဝါဒတရပ် ရှိနေကြောင်းပြသနေသလို နိုင်ငံရေးအကျဉ်းသူများသည် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသာမက စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ ဖိနှိပ်မှုများကိုပါ စနစ်တကျ ခံစားနေကြရသည်။ ထိုကဲ့သို့ ဆေးကုသမှုကို တမင်တကာ ငြင်းပယ်ခြင်းနှင့် အကြမ်းဖက်ဖိနှိပ်မှုများ ပေါင်းစပ်အသုံးချနေခြင်းသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ ညှဉ်းပန်းနှိပ်စက်မှုနှင့် လူမဆန်သော ဆက်ဆံပြုမူမှုများအဖြစ် သတ်မှတ်နိုင်သော ပြင်းထန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများဖြစ်သည်။

အကျဉ်းထောင်အတွင်းရှိ နိုင်ငံရေးအကျဉ်းသူများအတွက် လုံလောက်ပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိပိုင်ခွင့်ကို အခြေခံလူ့အခွင့်အရေးအရ အသိအမှတ်ပြုရမည်ဖြစ်ပြီး၊ နိုင်ငံရေးအရ အပြစ်ပေးရန် သို့မဟုတ် ထိန်းချုပ်ရန် အသုံးချနေသည့် လက်နက်အဖြစ်ဆောင်ရွက်နေခြင်းသည် လူ့ဂုဏ်သိက္ခာနှင့် အသက်ရှင်ခွင့်ကို တိုက်ရိုက်ချိုးဖောက်ခြင်းဖြစ်သည်။ အမျိုးသမီးများ၏ သီးခြားလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသည့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု၊ လစဉ်သုံးသန့်စင်ရေးပစ္စည်းများ၊ သန့်ရှင်းသောရေနှင့် အာဟာရပြည့်ဝသည့် အစားအစာများကို အဆက်မပြတ် ရရှိနိုင်စေရန် ဆောင်ရွက်ရမည်ဖြစ်သလို၊ ကိုယ်ဝန်ဆောင်အကျဉ်းသူများအတွက် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ ဖြည့်ဆည်းရမည်ဖြစ်ပြီး၊ မည်သည့်အခြေအနေတွင်မဆို လိုအပ်သည့် ဆေးကုသခွင့်ကို ငြင်းပယ်ခြင်း မပြုရန်လည်း အရေးကြီးသည်။

အဓိကအားဖြင့် နိုင်ငံရေးအကြောင်းကြောင့် ဖမ်းဆီးထိန်းသိမ်းထားသူများအားလုံးကို ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန်၊ လွတ်မြောက်လာသူများ၏ ပြန်လည်ထူထောင်ရေးနှင့်၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှုများကို အပြည့်အဝပံ့ပိုးပေးရန်နှင့် လူမှုဘဝနှင့် နိုင်ငံရေးဘဝတွင် လွတ်လပ်စွာပါဝင်ဆောင်ရွက်နိုင်ခွင့်ကို အာမခံရန်လည်း လိုအပ်သည်။ ထို့အပြင် အကျဉ်းထောင်အတွင်း ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဆေးကုသမှုမပေးခြင်း သို့မဟုတ် အခြားလူမဆန်သော ဆက်ဆံပြုမူခြင်းများကြောင့် သေဆုံးခဲ့ရသော နိုင်ငံရေးအကျဉ်းသူများနှင့် ပတ်သက်၍ အမှန်တရားဖော်ထုတ်ခြင်း၊ တာဝန်ရှိသူများအား တရားမျှတစွာ တာဝန်ယူမှုရှိစေရန် စုံစမ်းစစ်ဆေးခြင်းနှင့် တရားရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းတို့ကိုပါ လုပ်ဆောင်ရမည်ဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရနေသောဓလေ့ကို အဆုံးသတ်ရန်နှင့် နစ်နာခံစားခဲ့ရသူများအတွက် တရားမျှတမှုကို ပြန်လည်တည်ဆောက်ရန် အရေးကြီးသော အခန်းကဏ္ဍအဖြစ် ဆောင်ရွက်ရမည်ဖြစ်သည်။

**နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)**

## ကိုးကားသတင်းရင်းမြစ်


- https://myanmar-now.org/mm/news/10876/
- https://burmese.dvb.no/post/656727
- https://www.facebook.com/ThanLwinKhetNews/posts/pfbid06ksQjtzov1pni6jdxuBodqVcdVTgmnZJL4jLMmwTmB52Wy9ZbUpcRdvC8TkB4d1kl
- https://burma.irrawaddy.com/video/2025/05/09/400777.html
- https://www.youtube.com/watch?v=hNMFxGJV5pM
- https://www.facebook.com/DaweiWatch/posts/pfbid0AFMWbFrKYEHSATDyX5yPhXqfq1XwYRKY6dczgQX1BikbKnup6jZ1rFwCr7uSWQjfl
- https://www.facebook.com/westernnewsagency/posts/pfbid02sDRKyVD7dFLonX6gW4yaxJaNM2Q2gTSqrjaBXzfMsXfJy46r2U2M7WNRrMLA3jGsl
- https://burma.irrawaddy.com/article/2023/09/02/373825.html
- https://bur.mizzima.com/2024/08/22/30736
- https://myanmar-now.org/mm/news/10645/
- https://coup.aappb.org/memorial
- Magiakou, M.A., Mastorakos, G., Webster, E. and Chrousos, G.P., 1997. The hypothalamic-pituitary-adrenal axis and the female reproductive system. Annals of the New York Academy of Sciences, 816, pp.42–56.
- Chrousos, G.P., 2004. Stress and the female reproductive system. Journal of Reproductive Immunology, 62(1–2), pp.61–68.